# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ဘဏ္ဍာရေးဝန်ကြီးဌာန

## ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်

## ကြေညာချက်အမှတ် (၁/၂၀၁၅)

## ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းလိုင်စင်အမျိုးအစားအလိုက် သတ်မှတ်ချက်များထုတ်ပြန်ကြေညာခြင်း

၁။ မြန်မာနိုင်ငံ၏ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် နိုင်ငံ တော်၏ စီးပွားရေးဖြစ်ထွန်းမှုကို အထောက်အပံ့ဖြစ်စေရန် ၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ပေါ်ထွန်းလာစေရန်နှင့် ပြည်သူများတနိုင်တပိုင် ရင်းနှီးမြှုပ်နှံမှုပြုနိုင်စေရန်အတွက် ရန်ကုန်စတော့အိတ်ချိန်းကို ယခုနှစ်တွင် ဖွင့်လှစ်ရန်ဆောင်ရွက်နေပါသည်။

၂။ ရန်ကုန်စတော့အိတ်ချိန်းတွင် ဝန်ဆောင်မှုပေးနိုင်ရန် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်သည် ငွေချေးသက်သေခံ လက်မှတ်များလဲလှယ်ရောင်းဝယ်ရေး ဥပဒေ ပုဒ်မ ၇ (က)အရ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများအား လိုင်စင်ထုတ်ပေးရန်အတွက် အောက်ဖော်ပြပါ သတ်မှတ်ချက်များကိုထုတ်ပြန်ကြေညာလိုက်ပါသည်-

(က) လျှောက်ထားသူသည် ပေးရန်တာဝန် ကန့်သတ်ထားသည့် လီမိတက်ကုမ္ပဏီတစ်ခု အဖြစ်ဖွဲ့စည်း၍ မှတ်ပုံတင်ထားပြီးဖြစ်ရမည်။

(ခ) လျှောက်ထားသူသည်ကုမ္ပဏီ၏ အမည်၌ “ငွေချေးသက်သေခံလက်မှတ် ” ဟူ သော စကားရပ်ပါရှိရမည်။

(ဂ) လျှောက်ထားသူသည် အောက်ဖော်ပြပါ လိုင်စင်အမျိုးအစားများအတွက် ယှဉ်တွဲဖော်ပြသည့် အနည်းဆုံး ထည့်ဝင်ပြီးမတည်ငွေရင်းကိုထည့်သွင်းရမည်။

(၁) ငွေချေးသက်သေခံလက်မှတ်များကိုတာဝန်ခံ၍တစ်ဆင့် ဖြန့်ချိရောင်းချခြင်း လုပ်ငန်းလိုင်စင် - **ကျပ်၁၅ဘီလီယံ**

(၂) ငွေချေးသက်သေခံလက်မှတ်များကိုယ်ပိုင်ရောင်းဝယ်ခြင်း လုပ်ငန်းလိုင်စင် - **ကျပ်၁၀ဘီလီယံ**

(၃) ငွေချေးသက်သေခံလက်မှတ် အကျိုးဆောင် သို့မဟုတ် ကိုယ်စားလှယ်လုပ်ငန်းလိုင်စင် - **ကျပ်၇ဘီလီယံ**

(၄) ငွေချေးသက်သေခံလက်မှတ်ရင်းနှီးမြှုပ်နှံမှုအတွက် အကြံဉာဏ်ပေးခြင်း လုပ်ငန်းလိုင်စင် -**ကျပ်၀.၀၃ဘီလီယံ**

(ဃ) ဒါရိုက်တာအများစုသည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း (သို့မဟုတ်) အခြားငွေရေးကြေးရေးနှင့်ပတ်သက်သောလုပ်ငန်းများတွင် အနည်းဆုံးလုပ်သက် တစ်နှစ် ရှိရမည်။

(င) ဒါရိုက်တာများသည် ဘွဲ့ (ဒီဂရီ) တစ်ခု ရရှိပြီးသူများဖြစ်ရမည်။

(စ) ဒါရိုက်တာများသည် အကျင့်စာရိတ္တ ၊ ငွေကြေးစသည်တို့နှင့်ပတ်သက်၍ တရားရုံး က ထောင်ဒဏ်ချမှတ်ခြင်းခံရသူများမဖြစ်ရ။

(ဆ) လျှောက်ထားသူသည် အမည်မည်းစာရင်း၌ပါဝင်ခြင်းမရှိသူဖြစ်ရမည်။

(ဇ) လျှောက်ထားသူသည် မိမိလျှောက်ထားသည့် လိုင်စင်အမျိုးအစားအလိုက် ထည့်ဝင်ငွေ ၏ ၁၀% ကိုငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်အမည် ဖြင့် ငွေတိုက်စာချုပ်ဝယ်ယူထားရှိခြင်း (သို့မဟုတ်) နိုင်ငံပိုင်ဘဏ်တွင် ငွေစုဘဏ် စာရင်းဖွင့်လှစ်ထည့်သွင်းခြင်း(သို့မဟုတ်)ယင်းတို့နှစ်ခုစလုံးတွင်သင့်တော်သည့်အချိုးအစားဖြင့် ထည့်သွင်းထားခြင်းပြုလုပ်ရမည်။

(ဈ) လျှောက်ထားသည့်အဖွဲ့အစည်းတွင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း အတွေ့အကြုံလုပ်သက်အနည်းဆုံး (၃)နှစ်ရှိသည့် ကျွမ်းကျင်သည့်ပုဂ္ဂိုလ်တစ်ဦးရှိရမည်။

(ည) လျှောက်ထားသည့် အဖွဲ့အစည်းသည် IT စနစ်ဖြင့် လုပ်ငန်း စွမ်းဆောင်နိုင်သည့် အရည်အချင်းရှိရမည်။

(ဋ) လျှောက်ထားသည့်အဖွဲ့အစည်းသည် လိုအပ်ပါက ရုံးခွဲများ ဖွင့်လှစ်နိုင်ရမည်။

(ဌ) ထည့်ဝင်ပြီးမတည်ငွေရင်းအားဘဏ်ချေးငွေဖြင့်ထည့်ဝင်ခြင်းမပြုရ။

(ဍ) ထည့်ဝင်ပြီးမတည်ငွေရင်းသို့ ထည့်သွင်းမည့်ငွေသည် တရားဝင်အခွန်ပေးဆောင် ပြီးသောဝင်ငွေရလမ်းဖော်ပြနိုင်သည့် ငွေဖြစ်ရမည်။

၃။ အထက်ဖော်ပြပါအချက်များနှင့် ကိုက်ညီသည့် ကုမ္ပဏီများသည် အပိုဒ်(၂)အပိုဒ်ခွဲ(ဂ)ပါ လိုင်စင်အမျိုးအစားတစ်ခုချင်းကို လျှောက်ထားနိုင်သည်။ သို့သော်အပိုဒ်ခွဲ (ဂ) (၁)ပါ လိုင်စင်အမျိုးအစားကို လိုင်စင်ရသူသည်လုပ်ငန်းလေးမျိုးစလုံးကို လုပ်ကိုင်ခွင့်ရရှိမည်ဖြစ်သည်။

၄။ လျှောက်လွှာပုံစံများကို ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံးတည်ရှိရာ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ် အဆောက်အဦ ၊အမှတ်(၂၁-၂၅)၊ဆူးလေဘုရားလမ်း တွင် ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ (၁၉ )ရက်မှစ၍ ရရှိနိုင်ပါသည်။

၅။ လျှောက်ထားသူသည် သတ်မှတ်ထားသော အချက်အလက်အပြည့်အစုံ ဖော်ပြထားသည့် လျှောက်လွှာပုံစံ (၂)စုံကို လိုအပ်သောစာရွက်စာတမ်းများ ပူးတွဲလျက် စာအိတ်တွင်ထည့်သွင်း၍ စာအိတ်၏နေရာ (၃)နေရာ၌ ကုမ္ပဏီတံဆိပ်ရိုက်နှိပ်ကာ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံး သို့ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇) ရက်ထက် နောက်မကျစေဘဲ

တင်ပြရမည်။စာအိတ်တွင် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ လိုင်စင်လျှောက်လွှာ ဟူ၍ ရှင်းလင်းစွာ ရေးသားဖော်ပြရမည်။ သတ်မှတ်ထားသည့်ရက်ထက် နောက်ကျသော လျှောက်လွှာ များကို လက်ခံမည်မဟုတ်ပါ။